ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရအား ထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ဧပြီလ၊ ၁၇ ရက်၊ ၂၀၂၁

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ၊ ၁၆ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၂၃/၂၀၂၁) ဖြင့် ဖွဲ့စည်းလိုက်သော အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) အား Rvwang Development Association, Kachin Alliance နှင့် Lisu National Organization မှ ကြိုဆိုထောက်ခံပါသည်။

ယခုဖွဲ့စည်းလိုက်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် မြန်မာပြည်သူလူထုတစ်ရပ်လုံးမှ လိုလားတောင်းတသော ပင်လုံကတိကဝတ်ကို အခြေခံသည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို အပြည့်အဝဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

NUG အစိုးရတွင် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်လာသည့်အတွက်ကြောင့် အထူးဂုဏ်ယူစွာဝမ်းသာကြိုဆိုပါသည်။ ၎င်းအစိုးရ၏ ဖက်ဒရယ် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများတွင် မိမိတို့ကချင်အမျိုးသားများမှ တတ်စွမ်းသမျှပါဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

RDA, KA, LNO